(၁၅) Design တွင် ပါဝင်သော အချက်များအတိုင်း ဆောင်ရွက်ရန်။

(၁၆) ဘေးတွင်ရှိသော ဝန်ထမ်းအိမ်ရာလမ်းနှင့် တစ်ဆက်တည်း အကျယ် ၁၆ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ကို အဆောက်အဦမျက်နှာစာ လမ်းအစအဆုံး ခင်းပေးရန်

(၁၇) အဆောက်အဦရှေ့လမ်းတွင်ဓာတ်တိုင်များစိုက်ထူ၍ မီးထွန်းပေးရန်

**အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ**

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် **(၂၀-၁၁ -၂၀၁၉ )ရက်** နေ့တွင် စတင်ရောင်းချပါမည်။

၂။ တင်ဒါပုံစံ (၁)စောင်လျှင် ကျပ် (၁၀၀၀၀ိ/-) (ကျပ်တစ်သောင်းတိတိ) **နှုန်းဖြင့် ဝယ်ယူတင်သွင်းရန်။**

၃။ အိတ်ဖွင့်တင်ဒါငွေတန်ဘိုးကို ( ကျပ် --------- သိန်း)ဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့) ကန်ထရိုက်တာမှ လက်မှတ်ရေးထိုး ပေးပို့ရမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့်အတူ တင်သွင်းမည့် BQ Drawing တို့အား ပေးပို့ရမည်။

၆။ အိတ်ဖွင့်တင်ဒါ **နောက်ဆုံးလက်ခံမည့်နေ့ရက် ၊အချိန် (၂၀၁၉)ခုနှစ်၊(ဒီဇင်ဘာလ) (၁၈)ရက် (၂း၀၀)နာရီ** ထက်နောက်ကျရောက်ရှိလာသော တင်ဒါများကိုအဖွဲ့မှ လုံးဝစဉ်းစားမည် မဟုတ်ပါ။

၇။ **ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း။**

(က) အဆိုပြုတင်ပြသည့် တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံးဝ တာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာ တာဝန်ရှိသည်။)

(ခ) လုပ်ငန်းတန်ဘိုးတွက်ချက်ရာတွင် With-holding Tax ၂% ပေးဆောင်ရမည်။ အဆိုပါ ၂% အား သီးခြားတွက်ချက်တင်ပြခြင်းမပြုရ ။

(ဂ) ပြည်ထောင်စုစာရင်းစစ်ရုံးမှ စစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေရှိလျှင် ကုမ္ပဏီမှ အပြည့်အဝ တာဝန်ယူပေးသွင်းရပါမည်။

၈။ **အိတ်ဖွင့်တင်ဒါအာမခံငွေပေးသွင်းခြင်း**

(က) အိတ်ဖွင့်တင်ဒါသွင်းသူသည် အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေအား လုပ်ငန်းတန်ဘိုး၏၁% ၆၇၅၀၀၀ိ/ (ခြောက်ဆယ့်ခုနှစ်သိန်းငါးသောင်းတိတိ)ကို အင်းစိန်၊ မြန်မာ့စီးပွားရေးဘဏ်သို့ (PO)ပြုလုပ်ပြီးပေးသွင်းရမည်။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက် စိစစ်ရွေးချယ်ဆောင်ရွက်ပြီးပါက အာမခံစပေါ်ငွေ(PO) လက်ခံဖြတ်ပိုင်းတင်ပြနိုင်ပါက (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်။

(ခ) တင်ဒါအောင်မြင်သူများအနေဖြင့် (၅)ရက်အတွင်း အဆောက်အဦတန်ဘိုး၏ ၅ % ကို လုပ်ငန်းအာမခံငွေ (PG) အဖြစ် အင်းစိန်၊မြန်မာ့စီးပွားရေးဘဏ်သို့တိုက်ရိုက်ပေးသွင်းရပါမည်။ အဆိုပါလုပ်ငန်းအာမခံငွေ(PG)အားအဆောက်အဦပြီးစီး၍လုပ်ငန်းသက်တမ်း(၁)နှစ်ပြည့်ပြီးမှသာပြန်လည်ထုတ်ပေးမည်။